# ယူနန်လုပ်ငန်းအဖွဲ့တို့သည် အရှေ့တောင်အာရှနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံရန် စီမံကိန်းကြော်ငြာမိတ်ဆက်ပွဲကို ကူမင်းမြို့၌ကျင်းပခဲ့

မတ်လ(၁၄)ရက်နေ့ ယူနန်ပြည်နယ်စွမ်းအင်ရင်းနှီးအုပ်စု ကုမ္ပဏီလီမိတက် (Yunnan Provincial Energy Investment Group Co.,Ltd)သည် တယ်ချင်စာရင်းကိုင်ကိစ္စရေးရာရုံး(Deloitte Touche Tohmatsu)အရှေ့တောင်အာရှနယ်ပယ်ရုံးချုပ်နှင့်အတူတွဲပြီး ကမကထဦးစီးကျင်းပကာ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းမီဒီယာ(အုပ်စု) ကုမ္ပဏီလီမိတက်၊ စက်ာပူအခြေစိုက်ယူနန်ပြည်နယ်ကော်မာရှယ်ကိုယ်စားလှယ်ဌာနမှထောက်ကူပံ့ပိုးကျင်းပသော" 'တစ်ဇုန် တစ်လမ်း' ယူနန်လုပ်ငန်းအဖွဲ့တို့ အရှေ့တောင်အာရှနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံရန်စီမံကိန်းကြော်ငြာမိတ်ဆက်ပွဲ"ကို ကူမင်းတွင် ကျင်းပခဲ့သည်။

ယူနန်ပြည်နယ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊ ယူနန်ပြည်နယ်နိုင်ငံရင်းနှီးမှုကော်မတီ၊ စက်ာပူအပြည်ပြည်ဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုညွှန်ကြားရေးဦးစီးဌာန၊ အင်ဒိုနီးရှားကော်မာရှယ်ပူးတွဲအဖွဲ့၊ ထိုင်းရင်းနှီးတွန်းဆော်မှုကော်မတီအဖွဲ့စသည့် အစိုးရရင်းနှီးအဖွဲ့အစည်းများနှင့် ယူနန်စွမ်းအင်ရင်းနှီးအုပ်စု၊ယူနန်ဆောက်လုပ်ရေးရင်းနှီးမှုအုပ်စု၊ မလေးရှားဘဏ်၊ စက်ာပူဟန်တယ်မေးမြန်းကုမ္ပဏီစသည့် ပြည်တွင်းပြည်ပလုပ်ငန်းပေါင်း(၂၀)ကျော်မှလူပေါင်း(၁၀၀)ကျော်စုဝေးပြီး "တစ်ဇုန်တစ်လမ်း"ဆောက်လုပ်ရေးကို အဓိကခေါင်းစဉ်အဖြစ် သတ်မှတ်ထားကာ ယူနန်နှင့်အရှေ့တောင်အာရှ နိုင်ငံများရင်းနှီး၊ ကုန်သွယ်နှင့်နိုင်ငံတကာစွမ်းအင်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးစသည်တို့အပေါ် မိမိ၏အတွေ့အမြင်များကိုဖလှယ်၍ အတူဖွံ့ဖြိုးတိုးတက်ရန် ဆွေးနွေးခဲ့သည်။

စက်ာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်စသည့်အရှေ့တောင်အာရှနိုင်ငံများမှ အစိုးရနှင့်ရင်းနှီးမှုအဖွဲ့အစည်းတာဝန်ရှိသူများ၊ ရင်းနှီးသူများက "တစ်ဇုန်တစ်လမ်း" နောက်ခံတွင် နိုင်ငံအသီးသီး၏ရင်းနှီးမှုပတ်ဝန်းကျင်ကို အသေးစိတ်မိတ်ဆက်ပြီး ယူနန်လုပ်ငန်းများကို လာရောက်ရင်းနှီးရန် ဖိတ်ခေါ်ခဲ့သည်။




မိတ်ဆက်ကြော်ငြာပွဲတွင် ဦးစီးကျင်းပသူဖြစ်သော ယူနန်စွမ်းအင်ရင်းနှီးမှုအုပ်စု၏ဥက္ကဋ္ဌ ချောလုကျွင်က မိမိ၏ခံယူချက်များကို ပြောဆိုခဲ့သည်။ ယခုအရှေ့တောင်အာရှနိုင်ငံ အစိုးရအဖွဲ့အစည်းနှင့် လုပ်ငန်းရင်းနှီးမှုကျွမ်းကျင်မှုပညာရှင်များ ကူမင်းတွင်စုဝေးပြီးစီမံကိန်းများကိုမိတ်ဆက်ကာ နက်ရှိုင်းစွာဖလှယ်ရခြင်းသည် ယူနန်လုပ်ငန်းများ အပြင်သို့ထွက်သွားခြင်းအတွက် အထောက်အကူပြုနိုင်သည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ရင်းနှီးမှုပတ်ဝန်းကျင်ကို ပိုမိုသိရှိနားလည်နိုင်ကာ စီမံကိန်းသတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်းကို အထောက်အကူပြုသည်ဟု သူကပြောခဲ့သည်။

ယခုအုပ်စုမှ လိုက်လံသိမ်းဆည်းသော ပြည်ပစွမ်းအင်စီမံကိန်းစက်ဆင်အချိုးအစားမှာ (၆)သန်းကီလိုဝပ်ကျော်ရှိပြီး စုစုပေါင်းရင်းနှီးအချိုးအစားမှာ အမေရိကန်ဒေါ်လာပေါင်း (၉)ဘီလီယံကျော်ရှိပြီဖြစ်သည်။ စီမံကိန်းများမှာ လာအို၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်စသည့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများတွင်အဓိကရှိသည်။ အားလုံးအတူလက်တွဲပြီး တောင်အာရှအရှေ့တောင်အာရှကိုမျက်နှာပြုပြီး နိုင်ငံတကာစွမ်းအင်ထုတ်လုပ်မှုပူးပေါင်း ဆောင်ရွက်ရေးကိုတက်ကြွစွာတိုက်တွန်းလိုကာ နိုင်ငံတကာ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံနှင့် အချင်းချင်းချိတ်ဆက်မှု နယ်ပယ်များအပေါ် သက်ရောက်မှုကြီးစွာရင်းနှီးရန် အလေးထားလုပ်ဆောင်လိုသည်။ ယခုလက်ရှိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖွဲ့စည်းပုံနှင့်စနစ်ကို ပြည့်ဝစွာအသုံးပြုပြီး အရည်အသွေးမြင့် နိုင်ငံတကာ ပုံစံစီမံကိန်းဆောက်လုပ်ရေးကို လျင်မြန်စွာတွန်းဆော်ပြီး နိုင်ငံတကာပုံစံဖွံ့ဖြိုးတိုးတက်သော အရင်းအမြစ်အတူမျှဝေ၊ အတူအကျိုးတူအောင်မြင်ခြင်းကို ဖြစ်မြောက်စေလိုပါသည်ဟု ချောလုကျွင်က အလေးတင်းပြောဆိုခဲ့သည်။

ယူနန်စွမ်းအင်ရင်းနှီးအုပ်စုဒုတိယဥက္ကဋ္ဌရန်ဝမ်ဟွာက- ယခုအကြိမ်မိတ်ဆက်ကြော်ငြာပွဲကို ကျင်းပခြင်းသည် စွမ်းအင်ရင်းနှီးအုပ်စုမှ "တစ်ဇုန်တစ်လမ်း"ဆောက်လုပ်ရေးအတွင်းသို့ တက်ကြွစွာပါဝင်ပြီး ဝန်ဆောင်မှုပေးသော အလေးပါသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ စွမ်းအင်ရင်းနှီးအုပ်စုသည် နိုင်ငံတကာပုံစံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားပြီး ယူနန်ကိုအပြင်သို့ထွက်အောင်လုပ်ဆောင်ခြင်း၏ ဦးဆောင်သူအဖြစ်တက်ကြွစွာ လုပ်ဆောင်သည်။ အရှေ့တောင်အာရှရှိနိုင်ငံအများတွင် စီမံကိန်းရင်းနှီးမှုနှင့် နိုင်ငံတကာကုန်သွယ်ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်ခဲ့သည်။ နောင်တွင် အရှေ့တောင်အာရှသည် အုပ်စု၏ရင်းနှီးမည့်အလေးထားနေရာဖြစ်ဆဲဖြစ်ပါသည်ဟု သတင်းထောက်ထံ မိတ်ဆက်ခဲ့သည်။




# ယူနန်တွင်လူမှုကြားဝင်ဖြန်ဖြေခြင်းဖြင့် ပထမဆုံးအာရှဆင်ကို အောင်မြင်စွာမျိုးပွားမွေးမြူနိုင်ခဲ့

ယခုရက်ပိုင်း စစ်ဆောင်ပန်းနားတိုင်(ရှမ်း)တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ပြည်နယ်ခွဲဆင်ရိုင်းဂူရှိ တရုတ်အာရှတိုက်ဆင်မျိုးနွယ် မွေးမြူရေးစခန်းတွင် ဆင်အမေ "အနာဂတ်"မှ ကျန်းမာသော ဆင်ကလေးတစ်ကောင်ကို မွေးထုတ်နိုင်ခဲ့ရာ အာရှတိုက်ဆင်မျိုးနွယ်မျိုးပွားနည်းပညာထိုးဖောက်မှုအသစ်ရရှိခဲ့သည်။

အာရှတိုက်ဆင်မျိုးပွားနည်းပညာစူးစမ်းခြင်းနှင့်ပိုင်ဆိုင်ခြင်းကို ၂၀၁၅ခုနှစ်ကတည်းကစတင်ခဲ့သည်။ အာရှတိုက်ဆင်မျိုးနွယ်မျိုးပွားခြင်းနှင့် ကယ်ဆယ်ရေးစင်တာသည် လူပါဝင်ဖြန်ဖြေသောစနစ်ဖြင့် မွေးထားသောဆင် "ဖေလွင်" နှင့်ဆင်အမ"အနာဂတ်"အတွက် မေတ္တာများမွေးပြီးဇင်းတို့အတွက် သက်သာမှုရှိသော မိတ်လိုက်နေရာကို ထောက်ပံ့ပေးခဲ့သည်။ နောက်ဆုံး ၂၀၁၅ ခုနှစ်၌ ဆင်အမေ "အနာဂတ်"မှာအောင်မြင်စွာ ကိုယ်ဝန်ဆောင်ခဲ့ရာ လပေါင်း(၂၂) လအတွင်း လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခြင်းဖြင့် (၁၀၆)စင်တီမီတာရှိသော ဆင်အထီးလေးကို မွေးဖွားခဲ့သည်။ ဆင်ကလေးမှာယခုကျန်းမာနေပါသည်။

အာရှတိုက်ဆင်မျိုးပွားမွေးမြူခြင်းနှင့် ကယ်ဆယ်ရေးစင်တာတွင် နှစ်(၁၀)နှစ်အတွင်း သဘာဝမိတ်လိုက်ခြင်းဖြင့် အာရှဆင်(၃)ကောင်မွေးပြီးဖြစ်ပြီး အဆိုပါဖော်ပြသည့် ဆင်အထီးလေးသည် လူပါဝင်ဖြန်ဖြေခြင်းဖြင့် မွေးပွားသည့် ပထမဆုံးဆင်ကလေးဖြစ်ကြောင်းသိရသည်။ ယခုအကြိမ်၏အောင်မြင်ခြင်းသည် ကျွန်တော်တို့နိုင်ငံ၏ အာရှတိုက်ဆင်မျိုးပွားနည်းပညာနယ်ပယ်၏ ကွက်လပ်ကိုဖြည့်စွက်ပေးခဲ့ပြီး တရုတ်နိုင်ငံအာရှတိုက်ဆင်၏ မျိုးနွယ်မျိုးပွားခြင်းအတွက် တန်ဖိုးရှိသောနည်းပညာနှင့် လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

သတင်းထောက် တိုက်ကျိန်ဟွာ